# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

March 24 , 2023 | Volume 64, Number 17

၂၄.၃.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၇၉ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၈၇၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၅၁.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၇၄.၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၆၅.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၉၄.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၅.၃၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၄၆၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၁.၂၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၃.၉၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၄၉၃ ကျပ် |

Source: CBM Rate, etrademyanmar.com

## ၂၀၂၃ ခုနှစ်နှစ်ဆန်းပိုင်းတွင် အိမ်၊ခြံ၊ မြေဈေးကွက် ပုံမှန်ပြန်ဖြစ်လာ

၂၀၂၂ ခုနှစ်တွင် အိမ်ခြံမြေဈေးကွက် အတက်အကျတို့ဖြင့်ဂယက်ထခဲ့သလောက် ၂၀၂၃ ခုနှစ်နှစ်ဆန်းပိုင်းတွင် ပုံမှန်ပြန်ဖြစ်လာနေပြီဖြစ်သည်။

"၂၀၂၂ ခုနှစ် ဇူလိုင်၊ ဩဂုတ်လမှာ အရောင်းအဝယ်ဖြစ်တဲ့နှုန်းများခဲ့တယ်။ နှစ်ကုန်ပိုင်းမှာအေးတယ်။ ဒီနှစ်ဆန်းပိုင်းမှာဆိုရင်တော့ ပုံမှန်လေးပြန်ဖြစ်လာတယ်။ သင်္ကြန်ကာလမတိုင်ခင်ထိတော့ ပုံမှန်လေးသွားနေမယ်။ သင်္ကြန်တွင်းကာလမှာတော့ အေးနိုင်တယ်။ မေလမှာတော့ အရောင်းအဝယ်ပြန်ဖြစ်မယ်လို့ မှန်းထားတယ်"ဟု iMyanmar House မှ မန်နေးဂျင်းဒါရိုက်တာ ဦးနေမင်းသူကပြောသည်။

လတ်တလောတွင် လူနေထူထပ်သည့် ကြည့်မြင်တိုင်နှင့် လှည်းတန်းမြို့နယ်တို့တွင် အရောင်းအဝယ်ပိုဖြစ်နေပြီး၊ မြို့တွင်း(down town) ၆ မြို့နယ်တွင် အငှားဈေးကွက် ပိုဖြစ်နေကြောင်းသိရသည်။

ယင်းအပြင် အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်း လုပ်လိုသူများအနေဖြင့် နောက်ပိုင်းတွင် သတ်မှတ်ချက်နှင့်ပြည့်စုံမှ အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်း လိုင်စင်ရမည်ဖြစ်ကြောင်းလည်း သိရသည်။

ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်အတွင်း ကျပ်ငွေအစား အိမ်ခြံမြေ၊ ရွှေ၊ ဒေါ်လာ အစရှိသည်တို့တွင် ပိုင်ဆိုင်မှုတွေကို ရွှေ့ပြောင်းရင်းနှီးမြှုပ်နှံမှုပြုလုပ်လာကြသည့်အတွက် အိမ်ခြံမြေဈေးကွက်သည် အမြင့်ဆုံးအခြေအနေရောက်ရှိခဲ့ခြင်းဖြစ်သည်။

**Source: Popular News Journal**

## မြန်မာနိုင်ငံတွင် တရုတ်နိုင်ငံမှ ကုမ္ပဏီပေါင်း ၅၈၀ ကျော် ရင်းနှီးမြှုပ်နှံထားမှုမှ ကန်ဒေါ်လာ ၂၁ ဒသမ ၇ ဘီလျံကျော်ရှိ

မြန်မာနိုင်ငံအတွက် တရုတ်နိုင်ငံသည် ဒုတိယမြောက်ရင်းနှီးမြှုပ်နှံမှု အများဆုံးဖြစ်ကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများစီမံခန့်ခွဲရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်ဦးက တရုတ်(ချုံချင့်ပိရှန်း)-မြန်မာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မိတ်ဆက်ပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။

"မြန်မာနိုင်ငံမှာ တရုတ်နိုင်ငံဟာ ကျွန်တော်တို့ရဲ့ရင်းနှီးမြှုပ်နှံမှုမှာ ဒုတိယမြောက်အကြီးဆုံးလို့ စာရင်းဇယားများအရပေါ်ပါတယ်။ ဒါကတိုက်ရိုက်လာတဲ့ ရင်းနှီးမြှုပ်နှံမှုကိုပဲ ပြောတာပဲဖြစ်ပါတယ်။ တရုတ်နိုင်ငံရဲ့ စုစုပေါင်းကုမ္ပဏီ လုပ်ငန်းပေါင်း ၅၈၃ ခုဟာ ရင်းနှီးမြှုပ်နှံမှု တိုက်ရိုက်ခွင့်ပြုထားတဲ့ဟာပေါ့။ စက်မှုလုပ်ငန်းမှာ လုပ်နေတာ ၅၂၄ ခုတောင်ရှိပါတယ်။ ၉၀ ရာခိုင်နှုန်းလောက်က စက်မှုကုန်ထုတ်လုပ်ငန်းကို ဆောင်ရွက်နေကြတာဖြစ်ပါတယ်။ တရုတ်နိုင်ငံကို ဒုတိယလို့ ပြောလိုက်ရတဲ့ထဲမှာမှ

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

တရုတ်ကတိုက်ရိုက်လာတဲ့ စာရင်းအရ ဒီ ၅၀၀ ကျော်ကနေပြီးတော့ ပေါင်းစပ်လာတဲ့ စာရင်းဖြစ်ပါတယ်။ တရုတ်နိုင်ငံက နေပြီးတော့မှ ဟောင်ကောင်ဘက်က ပတ်လာတာရှိတယ်။ စင်ကာပူကပတ်လာတာတွေရှိပါတယ်။ ဒါတွေကိုပေါင်းစပ်လိုက်ရင် တရုတ်နိုင်ငံက ရင်းနှီးမြှုပ်နှံမှုဟာ ကျွန်တော်တို့နိုင်ငံအတွက် နံပါတ်တစ် ပါတနာလို့ပြောလို့ရပါတယ်”ဟု ၎င်းကဆိုသည်။

တရုတ်နိုင်ငံသည် စက်မှုကုန်ထုတ်လုပ်ငန်းများတွင် အဓိကထားရင်းနှီးမြှုပ်နှံထားသည့်အတွက် မြန်မာနိုင်ငံ၏ လုပ်သားများအလုပ်ကိုင်အခွင့်အလမ်းရရှိရေးကိစ္စရပ်များတွင်လည်း တရုတ်စက်မှုလုပ်ငန်းများက များစွာအထောက်အကူ ပြုကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် တရုတ်နိုင်ငံမှ ကုမ္ပဏီပေါင်း ၅၈၀ ကျော် ရင်းနှီးမြှုပ်နှံထားမှုမှ ကန်ဒေါ်လာ ၂၁ ဒသမ ၇ ဘီလျံကျော်ရှိပြီး စုစုပေါင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၏ ၂၃ ရာခိုင်နှုန်းကျော်ဖြင့် ဒုတိယအများဆုံး လာရောက်ရင်းနှီးမြှုပ်နှံထားခြင်းဖြစ်ကြောင်း သိရသည်။

**Source: Popular News Journal**

## ပွင့်ဖြူမြို့နယ်တွင် တောင်သူများစုပေါင်း၍ ကုလားပဲသီးနှံရောင်းချ

မကွေးတိုင်း၊ပွင့်ဖြူမြို့နယ်ရှိ ကျေးရွာများမှတောင်သူများစုပေါင်း၍ မတ် ၂၂ ရက်နံနက်၉ နာရီမှစတင်ကာ "ကုလားပဲသီးနှံ စုပေါင်းရောင်းချပွဲ" ဖြင့် ကုလားပဲသီးနှံများအားရောင်းချခဲ့ကြပြီး လာရောက်ဝယ်ယူသူများမှလည်း ကုလားပဲသီးနှံ အရည်အသွေးပေါ်မူတည်၍ ဈေးကောင်းပေးဝယ်ယူမှုများလည်းရှိ၍ ရောင်းချသူများပြားခဲ့ကြောင်း သိရသည်။

ကုလားပဲသီးနှံများအား ဝယ်ယူသူများမှ အဖျင်း၊ အမှော်၊ သဲခဲ၊ လုံးပိန်၊ လုံးညှပ်ပါဝင်မှု အနည်းအများနှင့်သီးနှံ အရည်အသွေးတို့ပေါ်မူတည်၍ (A,B,C)အဆင့်များခွဲကာ ဈေးကောင်းပေးဝယ်ယူခဲ့ကြပြီး ပွင့်ဖြူမြို့နယ် စားသုံးသူရေးရာဦးစီး ဌာနမှလည်း ကြီးကြပ်ပေးခဲ့ကြသည်။

"(A)အဆင့် ၁၉ ပိဿာတစ်တင်းကို ၇၀၀၀၀ ကျပ်၊ (B)အဆင့် ၁၉ ပိဿာတစ်တင်းကို ၆၉၅၀၀ ကျပ်၊ (C)အဆင့်ဖြစ်ရင် ဒေသတွင်းမှာဝယ်ယူနေတဲ့ ကာလပေါက်ဈေးနဲ့ဝယ်ကြတယ်။ အခုရောင်းချတာက ဆောင်းကုလားပဲ ပါ"ဟု ဒေသခံ တောင်သူ တစ်ဦးကပြောသည်။

မတ် ၄ ရက်မှစတင်၍ ပွင့်ဖြူမြို့နယ်ရှိ ကုလားပဲသီးနှံစိုက်ပျိုးသည့်တောင်သူများထံမှ မကွေးမြို့ Good Brother ကုမ္ပဏီ၊ တိုင်းတောင်သူဖွံ့ဖြိုးရေးအဖွဲ့နှင့်ပွင့်ဖြူမြို့နယ်တောင်သူဖွံ့ဖြိုးရေးအဖွဲ့တို့နှင့်ပူးပေါင်းပြီး ကုလားပဲသီးနှံ ဝယ်ယူမှုများလည်း ရှိကာ မတ် ၂၂ ရက်အထိ ကုလားပဲသီးနှံ ၈၅၀၀ တင်းခန့်အား ဝယ်ယူထားပေးပြီးဖြစ်ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ကျေးရွာအုပ်စု ၅၆ အုပ်စု၊ကျေးရွာပေါင်း ၂၀၅ ရွာရှိကာ စပါး၊ နှမ်း၊ မြေပဲ၊ နေကြာ၊ ပန်းနှမ်း၊ ပဲတီစိမ်း၊ ကုလားပဲ၊ ထောပတ်ပဲ၊ ပဲလွမ်း၊ ပဲစင်းငုံ၊ ပဲနောက်၊ ပဲကြီး၊ ဖူးစားပြောင်းနှင့် အခြားဟင်းသီးဟင်းရွက် စားပင်သီးနှံမျိုးစုံအား စီးပွားဖြစ်စိုက်ပျိုးကြကြောင်း သိရသည်။

**Source: Popular News Journal**

## သွင်းကုန်လိုင်စင် လျှောက်ထားရန်လို ကုန်စည်များတင်သွင်းမှုအတွက် ကြေညာချက် ပြင်ဆင်ထုတ်ပြန်

သွင်းကုန်လိုင်စင် လျှောက်ထားရန်လိုအပ်သည့် ကုန်စည်များတင်သွင်းမှုနှင့်ပတ်သက်ပြီး စည်းကမ်းသတ်မှတ်ထားသည့် ကိစ္စအား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနက မတ် ၂၂ ရက် ရက်စွဲဖြင့် ပြင်ဆင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမိန့်ကြေညာစာအမှတ် ၆၈/၂၀၁၉ ဖြင့် ထုတ်ပြန်ထားသည့် အကောက်ခွန်သိုလှောင်ရုံဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် လိုက်လျောညီထွေမှုရှိစေရန် အတွက် အမိန့်ကြေညာစာအမှတ် ၅၀/၂၀၂၀ ဖြင့် သွင်းကုန်လိုင်စင်ရယူ တင်သွင်းရမည့် ကုန်ပစ္စည်းများအတွက် အကောက်ခွန် သိုလှောင်ရုံသို့ ထည့်သွင်းရန် တင်သွင်းလာသည့် ကုန်ပစ္စည်းများမှအပ ကျန်ကုန်စည်များကို ခွင့်ပြုချက်မရမီ ဆိပ်ကမ်းသို့ကြိုတင်ရောက်ရှိခြင်းမရှိစေရဟု ထုတ်ပြန်ထားခဲ့ကြောင်းသိရသည်။

သို့ဖြစ်ရာ အမိန့်ကြေညာစာ အမှတ် ၅၀/၂၀၂၀ ပါထုတ်ပြန်ကြေညာချက်များအား ၂၀၂၃ ခုနှစ် ဧပြီ ၁ ရက်မှစတင်ကာ ခြောက်လတိတိ ယာယီဆိုင်းငံ့သွားမည်ဖြစ်ပြီးလိုအပ်ပါက သက်တမ်းတိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပို့ကုန် သွင်းကုန်သတင်းလွှာ အမှတ် ၆/၂၀၂၂ ဖြင့် သက်ဆိုင်ရာဌာနများ၏ သွင်းကုန်လိုင်စင်၊ သွင်းကုန်ပါမစ် ခွင့်ပြုချက်မရမီ ကုန်စည်နှင့်ကုန်ပစ္စည်းများ ဆိပ်ကမ်းသို့ ကြိုတင်ရောက်ရှိကြောင်း စိစစ်တွေ့ရှိပါက ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ထပ်မံထုတ်ပြန်ထားသည်။

အဆိုပါ ကုန်သွယ်မှုလုပ်ငန်းများကို ထိန်းကျောင်းဆောင်ရွက်နိုင်ရေးအတွက်လည်းကောင်း၊ အကောက်ခွန် သိုလှောင်ရုံတွင် ကာလကြာရှည်စွာ ထည့်သွင်းသိုလှောင်ခြင်းကြောင့် ကုန်စည်များအရည်အသွေး ထိခိုက်မှုမရှိစေရေးအတွက် လည်းကောင်း၊ အကောက်ခွန်သိုလှောင်ရုံသို့ ထည့်သွင်းမည့် ကုန်ပစ္စည်းများအပါအဝင် ပြည်ပမှကုန်ပစ္စည်းတင်သွင်းမှုအားလုံး အတွက် ဆိပ်ကမ်းသို့မရောက်မီ သွင်းကုန်လိုင်စင်ရရှိပြီးမှ တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထား သည်။

Source: [https://t.me/sdtimedaily](https://t.me/sdtimedaily)

## ပြည်တွင်းဆန်/စပါးဈေးနှုန်းမြင့်တက်နေမှုကြောင့် အကန့်အသတ်စနစ်(Quota)ဖြင့် ပြည်ပသို့ ဆန်တင်ပို့မည်ဟုဆို

ပြည်တွင်း၌ ဆန်/စပါးဈေးနှုန်းမြင့်တက်လာနေမှုကြောင့် ပြည်ပသို့ ဆန်တင်ပို့မှုတွင် အကန့်အသတ်စနစ် (Quota)ဖြင့် တင်ပို့ရမည်ဖြစ်ပြီး ဆန်တင်ပို့မှုလိုင်စင်ဟောင်းများကိုလည်း စစ်ဆေးနေကြောင်း မြန်မာနိုင်ငံဆန်စပါးသင်းချုပ်မှ တာဝန်ရှိသူ တစ်ဦးထံမှ သိရသည်။

ယင်းစနစ်အရ တစ်လလျှင် ဆန်တန်ချိန် တစ်သိန်းခွဲခန့်သာ တင်ပို့ရမည်ဖြစ်ပြီး ဆန်တင်ပို့ရန် လိုင်စင်သစ်လျှောက်ထားမှု ရရှိရန် မလွယ်ကူတော့ဟုဆိုသည်။

"ပြည်ပကို ဆန်တင်ပို့မှုမှာ Quota စနစ်ပြန်လုပ်ထားတာဖြစ်ပြီး တစ်လကို ဆန်တန်ချိန် တစ်သိန်းခွဲလောက်ပဲ တင်ပို့ပါမယ်။ လိုင်စင်သစ်လျှောက်ထားမှု လောလောဆယ်မလွယ်ဘဲ ခက်နေသလို လိုင်စင်ဟောင်းတွေလည်း စီစစ်နေတာ လုပ်နေပါတယ်"ဟု ၎င်းကပြောသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် ပြည်ပဆန်တင်ပို့မှုတွင် တစ်လလျှင် ဆန်တန်ချိန်တစ်သိန်းခွဲ (အိတ်ရေ သုံးသန်း)သတ်မှတ်ထားသော်လည်း ဈေးနှုန်းကွာဟနေမှုကြောင့် ဆန်ကုန်စည်ဒိုင်များသို့ ဆန်ဝင်ရောက်မှုနည်းခြင်းနှင့် ဝယ်ယူရရှိမှုခက်ခဲခြင်းများရှိနေကြောင်းသိရသည်။

"ပြည်ပကို ဆန်နဲ့ဆန်ကွဲတင်ပို့မှုမှာ ပင်လယ်ရေကြောင်းနဲ့ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတွေက တင်ပို့ပါတယ်။ တရုတ်ဆိုရင် နယ်စပ်လမ်းကြောင်းက အဓိကတင်ပို့ပြီး ပင်လယ်ရေကြောင်းကဆိုရင် အာဖရိက၊ အာရှနဲ့ဥရောပနိုင်ငံတွေကို တင်ပို့ပါတယ်"ဟု ဆက်လက်ပြောကြားသည်။

ပြည်တွင်းဆန်/စပါးဈေးကွက်တွင် ၂၀၂၂ နှစ်ကုန်ပိုင်းခန့်မှစတင်၍ ဈေးနှုန်းများမြင့်တက်ခဲ့ရာ ဖေဖော်ဝါရီလ စတုတ္ထပတ် က အနည်းငယ်ကျဆင်းခဲ့ပြီးနောက် ပြန်လည်မြင့်တက်လာခဲ့ကြောင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ၁၁ လတာကာလအတွင်း မြန်မာနိုင်ငံမှ ပြည်ပသို့ဆန်နှင့်ဆန်ကွဲတင်ပို့မှု တန်ချိန် ၂ ဒသမ ၀၉၉သန်းဖြစ်ကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## ဘုရင့်နောင်ကုန်စည်ဒိုင်၏ (၂၀-၃-၂၀၂၃ မှ ၂၄-၃-၂၀၂၃) အတွင်း ကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲများ၏ (တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2022 Crop) ကျပ် ၂၀၃၉၅၀၀၀၊ မတ်ပဲ SQ/RC (2022 Crop) ကျပ် ၂၃၂၄၅၀၀၀ နှင့် ပဲစင်းငုံ Red/RC (2022 Crop) ကျပ် ၂၃၆၀၀၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC(2022 Crop) ကျပ် ၂၀၅၀၀၀၊ မတ်ပဲ SQ/RC (2022 Crop) ကျပ် ၄၀၅၀၀၀ နှင့် ပဲစင်းငုံ Red/RC (2022 Crop) ကျပ် ၁၀၀၀၀၀ ဈေးကျဆင်းခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2022 Crop) ကွန်တိန်နာ

၁၂၀ လုံး (တန်ချိန် ၂၈၈၀) နှင့် ပဲစဉ်းငုံ Red/RC (2022 Crop) ကွန်တိန်နာ ၁၅ လုံး (တန်ချိန် ၃၆၀) စုစုပေါင်း ကွန်တိန်နာ ၁၃၅ လုံး ( တန်ချိန် ၃၂၄၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2022 Crop) ကွန်တိန်နာ ၁၇၀ လုံး (တန်ချိန် ၄၀၈၀)၊ မတ်ပဲ SQ/RC (2022 Crop) ကွန်တိန်နာ ၅ လုံး (တန်ချိန် ၁၂၀) နှင့် Red/RC (2022 Crop) ကွန်တိန်နာ ၅ လုံး (တန်ချိန် ၁၂၀) စုစုပေါင်း ကွန်တိန်နာ ၁၈၀ လုံး ( တန်ချိန် ၄၃၂၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကွန်တိန်နာ ၃၅ လုံး (တန်ချိန် ၈၄၀) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ငရုတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ငရုတ်သီး ( တစ်ပိဿာ ) ဈေးနှုန်းများမှာ မြွားနီ ကျပ် ၁၀၀၀၀၊ ပန်းရဲငရုတ်(သစ်) AC ကျပ် ၁၁၀၀၀၊ မိုးထောင်( ဒီမွန်) ကျပ် ၁၂၀၀၀၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၃၀၀၀ နှင့် မြစ်ဝ(ပု)သစ် ကျပ် ၁၄၀၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မြွားနီ ကျပ် ၁၀၀၀၊ ပန်းရဲငရုတ်(သစ်) AC ကျပ် ၈၀၀နှင့် မြစ်ဝ(ပု)သစ် ကျပ် ၅၀၀ ဈေးကျဆင်းခဲ့ပြီး ကျန်ငရုတ်ဈေးများငြိမ်လျက်ရှိသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ငရုတ်ရှည် အိတ်ပေါင်း ၇၁၀၀ (၁၄၂၀၀၀ ပိဿာ) နှင့် ငရုတ်ပုအိတ်ပေါင်း ၉၅၀ (၁၄၂၅၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ငရုတ်ရှည် အိတ်ပေါင်း ၈၁၀၀ (၁၆၂၀၀၀ ပိဿာ) နှင့် ငရုတ်ပုအိတ်ပေါင်း ၂၂၀၀ (၃၃၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သဖြင့် ငရုတ်ရှည်အိတ်ပေါင်း ၁၀၀၀ (၂၀၀၀၀ ပိဿာ) နှင့် ငရုတ်ပုအိတ်ပေါင်း ၁၂၅၀ (၁၈၇၅၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**မန်ကျည်း**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီး ပွင့်ကပ် (သစ်) ကျပ် ၁၈၅၀ ၊ မန်ကျည်းအသား (သစ်) ကျပ် ၂၇၀၀ နှင့် ရမည်းသင်း ဒါး‌ဇင်း (သစ်) ကျပ် ၁၇၅၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းဈေးများငြိမ်လျက်ရှိသည်။

**ထန်းလျက်၊ ကြံသကာ နှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သောထန်းလျက်၊ကြံသကာနှင့်သကြား(တစ်ပိဿာ)ဈေးနှုန်းများမှာ တောင်သာမလိုင်(ဒုံး) ကျပ် ၂၅၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၂၉၅၀၊ ပခုက္ကူကြမ်း ကျပ် ၂၇၀၀၊ ရေစကြိုထန်းလျက်(ချော) ကျပ် ၃၆၀၀၊ ကြံသကာ(စစ်) ကျပ် ၂၆၅၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၃၀၅၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြံသကာ(စစ်) ကျပ် ၅၀ မြင့်တက်ခဲ့ပြီး ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၁၅၀ နှင့် သကြား(ပြည်တွင်း)ကျပ် ၂၀ ဈေးကျဆင်းခဲ့သည်။ ကျန်အမျိုးအစားများ ဈေးငြိမ်လျက်ရှိသည်။

**Source: Domestic (Ygn) MITC**

## (၂၀-၃-၂၀၂၃ မှ ၂၄-၃-၂၀၂၃ ) တစ်ပတ်အတွင်း ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်းများ

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်(၂၀-၃-၂၀၂၃ မှ ၂၄-၃-၂၀၂၃) အတွင်းဖြစ်ပေါ်ခဲ့သော အာလူးတစ်ပိဿာ ဈေးနှုန်းများမှာ (၂၀-၃-၂၀၂၃)တွင် ဆင်ဖြူကျွန်းလုံးလတ် ကျပ် ၁၂၀၀၊ ဆင်ဖြူကျွန်းဆွဲ ကျပ် ၁၃၀၀၊ ဆင်ဖြူကျွန်း A1 ကျပ် ၁၄၀၀၊ ဆင်ဖြူကျွန်း OK ကျပ် ၁၈၀၀၊ ဆင်ဖြူကျွန်း S1 ကျပ် ၁၈၀၀ ၊ဆင်ဖြူကျွန်း S2 ကျပ် ၁၂၀၀၊ ၊ဆင်ဖြူကျွန်း S3 ကျပ် ၁၂၀၀၊ ဗန်းမော်အာလူး ကျပ် ၁၈၅၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆင်ဖြူကျွန်းလုံးလတ် ကျပ် ၁၀၀၊ ဆင်ဖြူကျွန်းဆွဲ ကျပ် ၁၀၀၊ ဆင်ဖြူကျွန်း A1 ကျပ် ၁၀၀၊ ဆင်ဖြူကျွန်း OK ကျပ် ၅၀၊ ဆင်ဖြူကျွန်း S1 ကျပ် ၅၀ ၊ဆင်ဖြူကျွန်း S2 ကျပ် ၁၀၀၊ဆင်ဖြူကျွန်း S3 ကျပ် ၁၀၀ ဈေးမြင့်တက်ခဲ့ပြီး ကျန်အမျိုးအစားမှာဈေးငြိမ်လျက်ရှိသည်။ တစ်ပတ်အတွင်း ကုန်စည်ဒိုင်သို့ အာလူးကားစီးရေ ၅၀ စီး( ၃၀၀၀၀၀ ပိဿာ ) ဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့် မြစ်သားမြို့တို့မှ ကြက်သွန်နီများ ဝင်ရောက်လျက်ရှိရာ (၂၀-၃-၂၀၂၃ မှ ၂၄-၃-၂၀၂၃ ) အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ ( တစ်ပိသာ ) ဈေးနှုန်းများမှာ (၂၀-၃-၂၀၂၃) နေ့တွင် ဆိပ်ဖြူရှယ် ကျပ် ၁၁၀၀၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၁၂၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၁၂၀၀၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၀၂၅၊ မြစ်သားရှယ် ကျပ် ၁၇၅၀၊

မြစ်သားလတ်ကြီး ကျပ် ၂၀၀၀၊ မြစ်သားလတ်သန့် ကျပ် ၁၉၀၀ နှင့် မြစ်သားလတ်ချော ကျပ် ၁၄၅၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆိပ်ဖြူလတ်သန့် ကျပ် ၂၅၊ ဆိပ်ဖြူလတ်ချော ကျပ် ၂၅၊ မြစ်သားရှယ် ကျပ် ၁၅၀၊ မြစ်သားလတ်ကြီး ကျပ် ၁၀၀၊ မြစ်သားလတ်သန့် ကျပ် ၁၀၀ နှင့် မြစ်သားလတ်ချော ကျပ် ၁၀၀ အသီးသီးဈေးမြင့်တက်ခဲ့သည်။ ကျန်အမျိုးအစားများမှာ ဈေးငြိမ်လျက်ရှိသည်။ တစ်ပတ်အတွင်း ကုန်စည်ဒိုင်သို့ ကြက်သွန်နီကားစီးရေ ၁၆၁စီး( ၉၆၆၀၀၀ ပိဿာ) ခန့် ဝင်ရောက်ခဲ့ကြောင်း သိရသည်၊

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၂၀-၃-၂၀၂၃ မှ ၂၄-၃-၂၀၂၃)အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ( ၂၀-၃-၂၀၂၃ ) တွင် ကြူကုတ်ရှယ် ကျပ် ၄၁၀၀၊ အောင်ပန်း ထူး-၂ ကျပ် ၃၄၀၀၊ အောင်ပန်းထူး-၃ ကျပ် ၃၅၀၀၊ အောင်ပန်းထူး-၄ ကျပ် ၃၆၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၃၇၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြက်သွန်ဖြူဈေးများ ငြိမ်လျက်ရှိသည်။ တစ်ပတ်အတွင်း ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ်ရေ ၃၄၀၀ (၁၀၂၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ကြောင်းသိရသည်။

**Source: Domestic (Ygn) MITC**

## STOCK EXCHANGE (24.3.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 24th Mar. 2023

**Total Trading** (Continuous trading + Block trading)

| Trading Volume | Trading Value |
|---|---|
| 8,156 (Shares) | 42,708,500 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,100 | -100 | -1.22% | 8,200 | 8,200 | 8,100 | 386 | 3,128,700 | 33,109,694 | 268,189 |
| MTSH | 00002 | 3,050 | -100 | -3.17% | 3,150 | 3,150 | 3,050 | 2,131 | 6,622,500 | 38,929,150 | 118,734 |
| MCB | 00003 | 7,300 | +0 | +0.00% | 7,300 | 7,300 | 7,300 | 1 | 7,300 | 10,400,986 | 75,927 |
| FPB | 00004 | 1,550 | +0 | +0.00% | 1,550 | 1,550 | 1,550 | 1,012 | 1,568,600 | 29,664,613 | 45,980 |
| TMH | 00005 | 2,550 | -100 | -3.77% | 2,600 | 2,600 | 2,550 | 30 | 77,000 | 12,823,224 | 32,699 |
| EFR | 00006 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 480 | 1,272,000 | 19,977,223 | 52,940 |
| AMATA | 00007 | 4,900 | +100 | +2.08% | 4,900 | 4,900 | 4,900 | 6 | 29,400 | 10,497,598 | 51,438 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary


### Market summary

As of 24th Mar. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 366.56 | -4.22 | -1.14% | 370.42 | 370.42 | 366.56 | 4,046 | 12,705,500 | 7 | 645,907 |

**Index chart**



# Market Overview

# Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 24th Mar. 2022

| Trading Volume | Trading Value |
|---|---|
| 8,156 (Shares) | 42,708,500 (MMK) |

## Main Board

As of 1:00 pm, 24th Mar. 2022

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 8,156 (Shares) | 42,708,500 (MMK) |

| MYANPIX | 366.56 ▼ 4.22 |
|---|---|
| Total Volume (shares) | 4,046 |
| Total Value (MMK) | 13 mil |
| Listed Company | 7 |
| Market Cap. (MMK) | 645,907 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,100 | ▼ 100 |
| MTSH | 00002 | 3,050 | ▼ 100 |
| MCB | 00003 | 7,300 | ▲ 0 |
| FPB | 00004 | 1,550 | ▲ 0 |
| TMH | 00005 | 2,550 | ▼ 100 |
| EFR | 00006 | 2,650 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 100 |

TIR